**အကြောင်းအရာ။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ ခွင့်ပြုချက်ဖြင့် ပြည်ပရောက်မြန်မာနိုင်ငံသားမဲဆန္ဒရှင်များ ကြိုတင်မဲပေးနိုင်ရေးကိစ္စ**

၁။ ၂၀၁၅ ခုနှစ်၊ အထွေထွေရွေးကောက်ပွဲအား ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ၈-၇-၂၀၁၅ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။ **http://uecmyanmar.org/**

၂။ နိုင်ငံတော်မှ တရားဝင်ထုတ်ပေးထားသည့် မြန်မာနိုင်ငံကူးလက်မှတ်ကိုင်ဆောင်ထားသူ နိုင်ငံပြင်ပရောက် မဲဆန္ဒရှင်မြန်မာနိုင်ငံသားများသည် ပြည်ပ၌ ကြိုတင်ဆန္ဒမဲများပေးပိုင်ခွင့်ရှိမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ နိုင်ငံပြင်ပရောက်မဲဆန္ဒရှင်မြန်မာနိုင်ငံသားများ ကြိုတင်ဆန္ဒမဲ တောင်းခံနိုင်ရန် **ပုံစံ (၁၅)** ကို မဲဆန္ဒရှင်များမှ မှန်ကန်ပြည့်စုံစွာဖြည့်စွက်၍ **ကူဝိတ်မြို့ မြန်မာသံရုံးသို့ ၂၃-၇-၂၀၁၅ ရက် (ကြာသပတေးနေ့) ၁၃း၀၀ နာရီအရောက် ပေးပို့ရန်ဖြစ်ပါသည်။** (သို့မဟုတ်) မိမိနေထိုင်ရာနိုင်ငံနှင့် နီးစပ်ရာမြန်မာသံရုံးသို့ ဆက်သွယ်၍ ၎င်းသံရုံး၏ အစီအစဉ်အတိုင်း ပေးပို့ဆောင်ရွက်ကြရန်ဖြစ်ပါသည်။

**၄။ ကြိုတင်ဆန္ဒမဲပေးမည့် မြန်မာနိုင်ငံသားများ၏ အမြဲတမ်းနေရပ်လိပ်စာတွင်ရှိသည့် အခြေခံမဲဆန္ဒရှင်စာရင်းများ၌ မိမိအမည်ပါဝင်ခြင်း ရှိ/မရှိကို မိမိအစီအစဉ်ဖြင့် မြန်မာနိုင်ငံရှိ မိဘ၊ ဆွေမျိုးများထံဆက်သွယ်၍ စိစစ်စစ်ဆေးရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ အခြေခံမဲဆန္ဒရှင်စာရင်း၌ မိမိအမည်မပါရှိပါက သက်ဆိုင်ရာမြို့နယ်ရွေးကောက်ပွဲကော်မရှင်များသို့ ဆက်သွယ်၍ အမည်စာရင်းပါရှိရန် ကာယကံရှင်များကိုယ်တိုင် ဆောင်ရွက်ရန် လိုအပ်ပါမည်။**

၅။ သက်ဆိုင်ရာမဲဆန္ဒနယ်၏ အခြေခံမဲစာရင်းများတွင် မိမိအမည်ပါဝင်ခြင်းမရှိဘဲ ပုံစံ (၁၅) ကို ဖြည့်စွက်ပေးပို့ခဲ့ပါက ရွေးကောက်ပွဲကော်မရှင်မှ အခြေခံမဲဆန္ဒရှင်များစာရင်းတွင် ပါဝင်သူများ၏ ကြိုတင်ဆန္ဒမဲလက်မှတ်များကိုသာ ပြန်လည်ပေးပို့မည်ဖြစ်ကြောင်း ကြေညာထားသည်ကို အသိပေးဖော်ပြအပ်ပါသည်။

**၆။ ပြည့်စုံစွာဖြည့်စွက်ထားသည့် ပုံစံ (၁၅) နှင့်အတူ ကာယကံရှင်၏ မြန်မာနိုင်ငံကူးလက်မှတ်မိတ္တူနှင့် ပူးတွဲပါပုံစံများကို ၉-၇-၂၀၁၅ ရက်နေ့မှစတင်၍ ၃၀-၇-၂၀၁၅ ရက်နေ့ ၁၃း၀၀ အထိ ရုံးဖွင့်ရက်များ၌ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်ပေးအပ်ရန် အသိပေးအကြောင်းကြားအပ်ပါသည်။**

၇။ ၂၀၁၅ ခုနှစ်၊ အထွေထွေရွေးကောက်ပွဲနှင့် ပတ်သက်၍ သတင်းအချက်အလက်များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ Website **http://uecmyanmar.org/** ၌လည်းကောင်း၊ မဲဆန္ဒရှင်စာရင်း၌ မိမိအမည် ပါ/မပါကို **http://checkvoterlist.uecmyanmar.org** ၌ လည်းကောင်း ဖတ်ရှုနိုင်ပါသည်။

**မြန်မာသံရုံး၊ ကူဝိတ်မြို့။**

Tel: 00-965-25240736; 25216869 Fax: 00-965-25240749

www.mekuwait.org e-mail: myankuwait11@gmail.com

ပုံစံ (၁၅)

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
# သက်ဆိုင်ရာ မဲဆန္ဒနယ်ပြင်ပရောက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများနှင့် ပတ်သက်၍ ဖြည့်သွင်းရန်ပုံစံ

[ နည်းဥပဒေ ၅၆ (က) နှင့် ၅၇ (က) ]

ဥက္ကဋ္ဌ

-------------------- မြို့နယ်ကော်မရှင်အဖွဲ့ခွဲ

ကျွန်တော်/ကျွန်မ --------------- သည် --------------- ရွေးကောက်ပွဲကျင်းပသည့် နေ့ရက်တွင် သက်ဆိုင်ရာ မဲဆန္ဒနယ်၏ ပြင်ပသို့ ရောက်ရှိနေမည် ဖြစ်ပါသည်။ ကျွန်တော်/ကျွန်မအားကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်ရေးအတွက် ကျွန်တော်/ကျွန်မနှင့် ပတ်သက်သည့် အချက်အလက်များကို အောက်ပါအတိုင်း ဖော်ပြတောင်းဆိုအပ်ပါသည် -

(၁) တောင်းဆိုသူ၏ အမည် ----------------------------------------

(၂) တိုင်းရင်းသားလူမျိုး ----------------------------------------

(၃) မှတ်ပုံတင်အမှတ် ----------------------------------------

(၄) မွေးသက္ကရာဇ် (အသက်) ----------------------------------------

(၅) အဘအမည် ----------------------------------------

(၆) အမိအမည် ----------------------------------------

(၇) *တောင်းဆိုသူ၏ အမြဲတမ်းနေရပ်လိပ်စာ- အမှတ်( )
------------- လမ်း/ကျေးရွာ ------------- ရပ်ကွက်/ကျေးရွာအုပ်စု၊
---------------မြို့နယ်၊ ---------------- တိုင်းဒေသကြီး/ပြည်နယ်

(၈) တောင်းဆိုသူ ယခုရောက်ရှိနေသည့် --------------------------------
နေရပ်/ဌာန (ပြည်တွင်း/ပြည်ပ) --------------------------------
ခွဲခြားဖော်ပြရန်၊

တောင်းဆိုသူ၏ လက်မှတ်

ရက်စွဲ၊ ------------------------

(*တောင်းဆိုသူ၏ အမြဲတမ်းနေရပ်လိပ်စာသည် ယခုတောင်းခံသည့် မဲဆန္ဒနယ် အတွင်း ဖြစ်ရမည်။)

---

 တတိယအကြိမ်ပြင်ဆင်ထားပါသည်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး**
**ကူဝိတ်မြို့**

## ပြည်ပရောက်မဲဆန္ဒရှင်များ မဲပေးနိုင်ရန်အတွက် စာရင်းပေးသွင်းနိုင်ကြောင်း ကြေညာခြင်း
## (၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၈ ရက်)

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ၂၀၁၅ခုနှစ် အထွေထွေ ရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလကုန် (သို့မဟုတ်) နိုဝင်ဘာလဆန်းတွင် ကျင်းပပြုလုပ်သွားရန် ရှိပါသည်။

၂။ ကူဝိတ်မြို့၊ မြန်မာသံရုံးအနေဖြင့် အထက်ဖော်ပြပါရွေးကောက်ပွဲအတွက် မြန်မာနိုင်ငံအစိုးရ၏ ခွင့်ပြုချက် (သို့မဟုတ်) ကူဝိတ်နိုင်ငံတွင် တရားဝင်ရောက်ရှိ နေထိုင်လျက်ရှိပြီး မြန်မာနိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားသော အသက်(၁၈)နှစ်ပြည့်ပြီးသူ မြန်မာနိုင်ငံသားများစာရင်းကို ၂၉-၈-၂၀၁၄ ခုနှစ်မှ စတင် ပြုစုလျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ မဲပေးပိုင်ခွင့်ရှိသူတိုင်း မဲပေးနိုင်သည့် အခွင့်အရေး မဆုံးရှုံးစေရန် အတွက် စာရင်းပေးရန် ကျန်ရှိနေသေးသော အသက်(၁၈)နှစ်ပြည့်ပြီး မဲပေးပိုင်ခွင့်ရှိသူ မြန်မာနိုင်ငံသားများအနေဖြင့် ကူဝိတ်မြို့၊ မြန်မာသံရုံးသို့ လာရောက် စာရင်းပေးသွင်းကြပါရန် ထပ်လောင်းနှိုးဆော်အပ်ပါသည်။
(အသက် (၁၈)နှစ်ပြည့်ပြီးသူဟုဆိုရာ၌ ၂၀၁၅ခုနှစ်၊ အောက်တိုဘာလကုန်တွင် အသက်(၁၈)နှစ် ပြည့်မည့်သူများပါ ပါဝင်ပါသည်။ )

၄။ ယင်းသို့ စာရင်းပေးသွင်းရာတွင် မိမိတို့၏အမည်၊ မွေးသက္ကရာဇ်၊ မိဘအမည်၊ မြန်မာနိုင်ငံကူးလက်မှတ်အမှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား/ မှတ်ပုံတင်အမှတ်၊ မြန်မာနိုင်ငံရှိ နေရပ်လိပ်စာ၊ ကူဝိတ်နိုင်ငံရှိ ဆက်သွယ်နိုင်သည့်နေရပ်လိပ်စာ၊ ဖုန်း၊ အီးမေးလ်တို့ကို ပူးတွဲပါပုံစံတွင် ဖြည့်စွက်လျက် အောက်ဖော်ပြပါလိပ်စာအတိုင်း မြန်မာသံရုံးသို့ ဆက်သွယ် ပေးပို့နိုင်ပါကြောင်း အသိပေးအပ်ပါသည်-

**Myanmar Embassy**
**Villa 35,St.203, Block 2**
**Al-Salaam – South Surra**
**State of Kuwait**
**Tel: +965 25240736, 25216869**
**Fax: +965 25240749**
**Email: myankuwait11@gmail.com**
**www.mekuwait.org**
**Sunday to Thursday 08:00 to 14:00 (except weekend (FRI & SAT) and Holidays.**

# နိုင်ငံပြင်ပရောက် မဲဆန္ဒ ပေးပိုင်ခွင့်ရှိသူများစာရင်း

မြန်မာသံရုံး၊ ကူဝိတ်မြို့ မြန်မာနိုင်ငံရှိမဲဆန္ဒရှင်နေထိုင်ရာမြို့နယ် ...........

| စဥ် | ဆန္ဒမဲပေး ပိုင်ခွင့် ရှိသူ အမည် | ကျား /မ | မွေး သက္ကရာဇ် | နိုင်ငံသား စိစစ်ရေး ကတ်ပြား အမှတ်/ မှတ်ပုံတင် အမှတ် | မိဘ အ မည် | လက်ရှိ နေရပ် လိပ်စာ | မြန်မာ နိုင်ငံရှိ နေရပ် လိပ်စာ | ကူဝိတ်မြို့၊ မြန်မာသံရုံးသို့ လာရောက်မဲပေး နိုင်ခြင်း ရှိ/မရှိ |
|---|---|---|---|---|---|---|---|---|
| | | | | | | | | |
| | | | | | | | | |

**အောက်ဖော်ပြပါတို့ကိုလည်း မဲဆန္ဒရှင်များမှ ဖြည့်စွက်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည် -**

**အမည်(မြန်မာနှင့်အင်္ဂလိပ်နှစ်ဘာသာဖြင့် ဖော်ပြ ပေးပါရန်** ____________________
____________________

မြန်မာနိုင်ငံကူးလက်မှတ်အမှတ်နှင့် ထုတ်ပေးရက်စွဲ ____________________
____________________

မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးသည့်နေရာနှင့် ____________________
သက်တမ်းကုန်ဆုံးမည့်ရက်စွဲ ____________________
ကူဝိတ်နိုင်ငံတွင် နေထိုင်လျက်ရှိသည့်အထောက်အထားမိတ္တူ ____________________
____________________

(ဗီဇာ၊ Work Authorization, etc...)
ကူဝိတ်နိုင်ငံတွင် နေထိုင်သည့်လိပ်စာ ____________________
____________________

တယ်လီဖုန်းအမှတ်နှင့် အီးမေးလ်လိပ်စာ ____________________
____________________